# ၂၀၁၅ ခုနှစ်
# တက္ကသိုလ်ဝင်စာမေးပွဲ
# မြန်မာနိုင်ငံစာစစ်ဦးစီးဌာန

**သမိုင်း** **ခွင့်ပြုချိန် (၃)နာရီ**

**သတိပြုရန်။** **။အပိုင်းလေးပိုင်းလုံးကို ဖြေဆိုရမည်။**

## အပိုင်း (က)

၁။ (က) အောက်ပါကွက်လပ်များ၌ ဖြည့်စွက်ရမည့်အဖြေများကို အဖြေစာအုပ်တွင်ရေးပါ။ **(၁၀မှတ်)**

(၁) တို့ဗမာအစည်းအရုံး၏အလံမှာ အဝါ၊ အစိမ်း၊ အနီ သုံးရောင်ခြယ်အလယ်တွင် -------- ပါသည်။

(၂) မောင့်ဘက်တန်နှင့် မြန်မာကိုယ်စားလှယ်များ ဆွေးနွေးကြပြီးနောက် -------- ကို ၁၉၄၅ စက်တင်ဘာ ၇ တွင် လက်မှတ်ရေးထိုးခဲ့ကြသည်။

(၃) အစောဆုံး မြန်မာပုံနှိပ်စာအုပ်ကို ၁၇၇၆ တွင် -------- ၌ ပုံနှိပ်ထုတ်ဝေခဲ့သည်။

(၄) ယူနန်နယ်၌ရှိသော ကိုမင်တန်တပ်များသည် ၁၉၅၀ တွင် -------- နယ်မြေအတွင်းသို့ ဝင်ရောက်ကျူးကျော်လာ၏။

(၅) လွတ်လပ်ရေး ကြိုးပမ်းရာ၌ ကိုယ်ကျိုးမဖက်ဘဲ နိုင်ငံနှင့်လူမျိုးအတွက် ဆောင်ရွက်ခဲ့သူများအား -------- ဘွဲ့ ချီးမြှင့်သည်။

(၆) နိုင်ငံပေါင်းချုပ်အသင်းကြီး၏ အခြားလူမှုရေးလုပ်ငန်းတစ်ရပ်မှာ --------သုံးစွဲခြင်းနှင့် ဖြန့်ဖြူးခြင်းများကို တားဆီးရေးဖြစ်သည်။

(၇) စင်ကာပူ ရေတပ်စခန်းကို ဂျပန်တို့သိမ်းပိုက်လိုက်သောအခါမှ -------- လူမျိုးတို့သည် တုန်လှုပ်သွားခဲ့သည်။

(၈) ကိုလိုနီလက်မဲ့နိုင်ငံများဖြစ်ကြသော အီတလီ၊ဂျာမနီနှင့်ဂျပန်နိုင်ငံများတွင်--------တို့ အာဏာရရှိလာခဲ့သည်။

(၉) စစ်အေး၏ထူးခြားချက်မှာ သတ်မှတ်ထားသော -------- မရှိခြင်း ဖြစ်သည်။

(၁၀) အရှေ့တောင်အာရှဟူသောဝေါဟာရသည် -------- ပြီး ကာလတွင် အသုံးများ ထင်ရှားလာသည့် ဝေါဟာရဖြစ်သည်။

**[တစ်ဖက်သို့**

၁။ (ခ) အောက်ဖော်ပြချက်များကို **'မှား' (သို့မဟုတ်) 'မှန်'** ဖြေဆိုပါ။ ဖြေဆိုချက်များကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) နိုင်ငံခြား ဆန်စပါးရောင်းဝယ်မှုကို အင်္ဂလိပ်အရင်းရှင်များက ချုပ်ကိုင်ထားသည်။
(၂) ရွှေဥဒေါင်းဦးစီး၍ ၁၉၁၉ တွင် မြန်မာ့ဗျူဟာ ဂျာနယ်ကို ထုတ်ဝေသည်။
(၃) အိမ်စောင့်အစိုးရသည် ကချင်ပြည်နယ်တွင် ဒီမိုကရေစီဝါဒနှင့် ညီညွတ်သော အုပ်ချုပ်ရေးကို ဖော်ထုတ်နိုင်သည်။
(၄) စပိန်နယ်ချဲ့ကို ဆန့်ကျင်သော မလေးအမျိုးသားလှုပ်ရှားမှုသည် ၁၇ ရာစုတွင် စတင်ပေါ်ပေါက်ခဲ့သည်။
(၅) ခမာနီတို့သည် ၁၉၆၀ ခုနှစ်များတွင် အစိုးရကိုဆန့်ကျင်သည့် လက်ဝဲအင်အားစုများ အဖြစ် ထင်ရှားခဲ့သည်။

၁။ (ဂ) အောက်ဖော်ပြပါ မေးခွန်းတစ်ခုစီအတွက် ပေးထားသော အဖြေ (က) (ခ) (ဂ)တို့အနက်မှ **အဖြေမှန်တစ်ခု** ကို အဖြေစာအုပ်တွင် ရေးပါ။ **(၅ မှတ်)**

(၁) စည်းလုံးမှုပြိုကွဲသွားသည်နှင့်အမျှ -------- သည် ၁၉၃၀ခန့် မှစ၍ နိုင်ငံအကျိုးအတွက် ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်း မရှိတော့ပေ။
(က) ဝိုင်အမ်ဘီအေ (ခ) ဂျီစီဘီအေ (ဂ) တို့ဗမာအစည်းအရုံး
(၂) ပထမဆုံး ပညာမင်းကြီးမှာ -------- မှ ကျောင်းဆရာကြီး ဂျော့ဟောင်းဖြစ်သည်။
(က) ရန်ကုန်မြို့ (ခ) မော်လမြိုင်မြို့ (ဂ) ပုသိမ်မြို့
(၃) ပြင်သစ်၏ လွန်ကဲသော အမျိုးသားရေးဝါဒမှာ -------- အပေါ် လက်စားချေလိုခြင်းပင် ဖြစ်သည်။
(က) ဂျာမနီ (ခ) အီတလီ (ဂ) ရုရှ
(၄) ၁၉၂၇ မဒရပ်မြို့တွင် ကျင်းပသော ကွန်ဂရက်နှစ်ပတ်လည် အစည်းအဝေး၌ --------က လုံးဝလွတ်လပ်ရေးကို တောင်းဆိုခဲ့သည်။
(က) ဂန္ဒီ (ခ) ဆူဘတ်ချန်ဒရာဘို့စ် (ဂ) နေရူး
(၅) ကိုရီးယားတွင် အမျိုးသားအစိုးရဖွဲ့စည်းရေးအတွက် ကုလသမဂ္ဂ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ကို -------- တို့က ၃၈ မျဉ်းပြိုင်၏ မြောက်ပိုင်းကို ဝင်ရောက်ခွင့် မပြုပေ။
(က) အမေရိကန် (ခ) ဆိုဗီယက် (ဂ) တရုတ်

## အပိုင်း (ခ)

၂။ အောက်ပါတို့ အနက်မှ **လေးပုဒ်** ကို မှတ်စုတိုရေးပါ။ **(၂၀ မှတ်)**

(က) ဒါနသုခအသင်း (၅ မှတ်)

(ခ) ကိုလိုနီခေတ် မြန်မာပန်းချီ (၅ မှတ်)

(ဂ) ပြည်တော်သာစီမံကိန်း (၅ မှတ်)

(ဃ) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့လက်ထက် ငါးမွေးမြူရေး (၅ မှတ်)

(င) သုံးနိုင်ငံမဟာမိတ်အဖွဲ့ (၅ မှတ်)

(စ) ဟစ်တလာ (၅ မှတ်)

(ဆ) အရှေ့တောင်အာရှ စာချုပ်အဖွဲ့ (၅ မှတ်)

(ဇ) ကဏ္ဍလေးရပ် ခေတ်မီတိုးတက်ရေး (၅ မှတ်)

## အပိုင်း (ဂ)

၃။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်**ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ကိုလိုနီခေတ်ဦး အင်္ဂလိပ်တို့အား လက်နက်စွဲကိုင်တော်လှန်ခြင်း အကြောင်းကို ရေးသား ဖြေဆိုပါ။ (၁၅ မှတ်)

(၂) ဖက်ဆစ်ဂျပန်တို့ကို တော်လှန်တိုက်ခိုက်ရန် ဖန်တီးပေးသော အခြေအနေများကို ရေးသားပါ။ (၁၅ မှတ်)

(၃) ဒိုင်အာခီအုပ်ချုပ်ရေးသည်နှစ်ဦးနှစ်ဖက် ပူးတွဲအုပ်ချုပ်ရေးဖြစ်ကြောင်းဖြေဆိုပါ။ (၁၅ မှတ်)

(၄) ဖဆပလ အဖွဲ့ နှစ်ခြမ်းကွဲရခြင်း အကြောင်း တင်ပြပါ။ (၁၅ မှတ်)

(၅) ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်အစိုးရလက်ထက် စီးပွားရေး အခြေအနေကို ဖြေဆိုပါ။ (၁၅ မှတ်)

[တစ်ဖက်သို့

## အပိုင်း (ဃ)

၄။ အောက်ပါတို့အနက်မှ **နှစ်ပုဒ်**ကို ဖြေဆိုပါ။ **(၃၀ မှတ်)**

(၁) ဗာဆိုင်းစာချုပ်သည် ဂျာမနီအား ဖိနှိပ်လိုသည့်အတွက် ချုပ်ဆိုသည့် စာချုပ်တစ်ခုဖြစ်ကြောင်းဖြေဆိုပါ။ (၁၅ မှတ်)

(၂) ရုရှနိုင်ငံတွင် ဖြစ်ပွားခဲ့သော ဖေဖော်ဝါရီ ဘူဇွာတော်လှန်ရေးအကြောင်း ရေးသားပါ။ (၁၅ မှတ်)

(၃) ဆိုဗီယက်နိုင်ငံ ထိပ်သီးအင်အားကြီးနိုင်ငံ ဖြစ်လာခြင်းကို ဖြေဆိုပါ။ (၁၅ မှတ်)

(၄) စစ်အေးကာလ နိုင်ငံတကာအရေးအခင်း တစ်ခုဖြစ်သည့် စူးအက်အရေးအခင်းကိုဖြေဆိုပါ။ (၁၅ မှတ်)

(၅) မြန်မာနိုင်ငံနှင့် မဟာမဲခေါင်ဒေသခွဲ ဖွံ့ဖြိုးတိုးတက်မှုများကို ရေးသား ဖြေဆိုပါ။ (၁၅ မှတ်)

---